ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**

# လူထုဗဟိုပြုစီမံကိန်း၊ ဖရူဆိုမြို့နယ်



ကေးလျားကျေးရွာအုပ်စု၊ ဒေါတနောကျေးရွာ။

၂၀၁၈ ခုနှစ်

## မာတိကာ


၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ .................................................................................... 2

၂။ကေးလျားကျေးရွာအုပ်စုအခြေပြမြေပုံ ........................................................................ 3

၃။ကေးလျားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ................................................. 4

၄။ကျေးရွာအခြေခံအချက်အလက်များ.............................................................................. 4

၅။လူထုပူးပေါင်းပါဂင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား.......... 5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRAtoolsတစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ........................................................................................................ 6

(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ ................................................................ 7

(၂) ရာသီခွင်ပြပြက္ခဒိန် ............................................................................................. 8

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ...................................................................... 11

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း ................................................................................ 13

(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား ...................................................................... 15

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ............................................................................... 17

၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ... 19

၈။ဒေါတနောကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဂင်များစာရင်း.....................21

၉။ကျေးရွာအချတ်အလတ်( ပုံစံ-၁ )............................................................................. 23


၁ဂ။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)................................................................... 26

၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )........................................................ 28


၁၂။ဒေါတနောကျေးရွာအစည်းအဝေးမှတ်တမ်းများ.............................................................30

၁၃။ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ........................................................................32

# ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



## ၂။ကေးလျှားကျေးရွာအုပ်စုအခြေပြမြေပုံ



## ၃။ကေးလျားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁. ကေးလျားကျေးရွာ
၂. ဒေါ်ပျာကူးကျေးရွာ
၃. ထီးပျားညေကျေးရွာ
၄. လောလျာခူကျေးရွာ
၅. ဒေါ်တနော‌ကျေးရွာ
၆. ဒေါ်တကာလဲ့(ဆိုဒူ)ကျေးရွာ
၇. ငူသွဲ့လဲကျေးရွာ
၈. ထီးသဲကူးကျေးရွာ
၉. ဒေါ်ခူလီကျေးရွာ
၁၀. လောပလျားလဲကျေးရွာ
၁၁. ဒေါ်ပိုရှေ့ကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ဒေါတနောကျေးရွာသည် ဖရူဆိုမြို့၏ အရှေ့တောင်ဖက်တို့တွင် တည်ရှိပါသည်။ ဒေါတနောကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၁၁) ရွာ ရှိသည့်အနက် တစ်ရွာအပါအဝင်ဖြစ်ပါသည်။

ဒေါတနောကျေးရွာသည် ငူသွဲ့လဲကျေးရွာ၏အရှေ့တောင်ဖက်နှင့်ဒေါတကာလဲ့(ဆိုခူ)ကျေးရွာတို့၏ အရှေ့ဖက်တွင် တည်ရှိပါသည်။ ဒေါတနောကျေးရွာ တွင် အိမ်ထောင်စုပေါင်း(၂၈)စု ရှိပါသည်။ ကယားလူမျိုးတစ်မျိုးတည်းသာနေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန်ကို ယုံကြည်ကိုးကွယ်ကြပါသည်။ ဒေါတနောကျေးရွာတွင် အမျိုးသား (၆၁)ဦးနှင့် အမျိုးသမီး (၇၁)ဦး စုစုပေါင်း လူဦးရေ(၁၃၂)ဦး ရှိပါသည်။ မိခင်ဘာသာစကားအနေဖြင့် ကယားစကားကိုအသုံးပြုကြပြီး အခြားသောဘာသာစကားများ ကိုလည်းအသုံးပြုကြကာ စာပေမှာကယား(ကရင်နီ)စာပေကို အသုံးပြုကြပါသည်။

ဒေါတနောကျေးရွာတွင် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်း၊ ဘုရားကျောင်း၊ ဆေးပေးခန်း၊ မိုးရေလှောင်ကန်၊ လူနေအိမ်စသည့်အခြေခံအဆောက်အဦး များရှိပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး အခြားရွာများသို့ ဆက်သွယ်ထားသောလမ်းမှာ ကျောက်ခင်းလမ်း ဖြစ်ပါသည်။. ခြောက်သွေ့ရာသီတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း မိုးတွင်းကာလတွင်သွားလာရာ အခက်အခဲ ရှိပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA Tools များ |
|---|---|
| ၁ | ကျေးရွာအခြေအနေပြမြေပုံ (Social Map) |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (SensonalClender) |
| ၃ | ဥစ္စာဓနကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျားမပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းဆိုတ်ဆက်မှုမြေပုံ (Veen diagram) |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



## လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ

**ကျေးရွာ။ ။ဒေါတနော** **ရက်စွဲ ။ ။ ၁၃.၁၀.၂၀၁၇**

**အုပ်စု။ ။ ကေးလျား** **ပါဝင်ဆွေးနွေးသူ ။ ။ က(၈) ဦး**

**မ (၈) ဦး**

**စုစုပေါင်း ။ ။(၁၆) ဦး**

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်၏ရည်ရွယ်ချက်မှာ ဒေါတနောကျေးရွာ၏မြေပုံ ကိုကြည့်ခြင်းအားဖြင့် ဒေါတနောကျေးရွာတွင်းရှိ လူသားနှင့်လူ့အရင်းအမြစ်များ၊ စီးပွားဖြစ်အရင်းအမြစ်များ(စိုက်ပျိုးသီးနှံများ)နှင့် သဘာဝအရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ဒေါတနောကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် ဒေါတနောကျေးရွာ၏ လူမှုရေးကိစ္စရပ်များကို လေ့လာတွေ့ ရှိနိုင်မည် ဖြစ်ပါသည်။

ဒေါတနောကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံအရ ဒေါတနောကျေးရွာတွင် လူ့အရင်းအမြစ်များ (အဆောက်အဦးများ)၊ သဘာဝအရင်းအမြစ်များဟူ၍(၂)မျိုး ခွဲခြားတွေ့နိုင်ပါသည်။ ဒေါတနောကျေးရွာတွင် အဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ တောင်ယာ၊သဲ၊ကျောက်၊သစ်တောတို့ကို တွေ့မြင်နိုင်ပါသည်။ တောင်ယာမြေအရင်းအမြစ်မှာ ရွာလူဦးရေနှင့်နိူင်းယှဉ်လျှင် များပြားလုံလောက်မှု ရှိပါသည်။ သဲ၊ကျောက်၊ သစ်တောနှင့်ရေစသည့် အရင်းအမြစ်များသည် ရွာလူဦးရေနှင့်နိုင်းယှဉ်လျှင် နည်းပါးပါသည်။ လွန်ခဲ့သည့် (၅)နှစ်အတွင်းမှစ၍ ရေ၊သစ်တော၊ဝါး၊မြေနေရာ စသည့်အရင်းအမြစ်များသည် တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရပါသည်။ ဒေါတနောကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အဖြစ်အဓိကလုပ်ကိုင်သော စိုက်ပျိုးရေးမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တောင်ယာတွင်အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊မြေပဲ၊ ပြောင်းကောက်၊ပြောင်းဖူး၊ ပဲ တို့ဖြစ်ပါသည်။

ဒေါတနောကျေးရွာတွင် ကယားလူမျိုးစုတစ်စုတည်းသာ စုပေါင်းနေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။

ဒေါတနောကျေးရွာသည် သဘာဂစိမ့်စမ်းရေ ရှိပါသည်။ စိမ့်စမ်းရေရှိသည့်နေရာမှာ ရွာ၏မြောက်ဖက်နှင့်အရှေ့ဖက်တို့တွင် တည်ရှိပါသည်။ ဒေါတနောကျေးရွာတွင် တိရိစ္ဆာန်များအတွက်စားကျက်မြေကို ရွာအပြင်ဘက်ရှိ မြေလွတ်နေရာများတွင် တွေ့မြင်နိုင်ပါသည်။ ဒေါတနောကျေးရွာတွင် တောင်ယာမြေနှင့်သစ်တော အရင်းအမြစ်များသည် အခက်အခဲ ပြဿနာများ ရှိပါသည်။


ဒေါတနောကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြ မြေပုံ၏သုံးသပ်ချက် အရ -

(၁) သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်း။

(၂) လူဦးရေများပြားလာခြင်း။

(၃) အရင်းအမြစ်များကို စည်းကမ်းရှိရှိ အသုံးမချခြင်း။

## (၂) ရာသီခွင်ပြပြက္ခဒိန်



## ရာသီခွင်ပြက္ခဒိန်

**ကျေးရွာ။ ။ ဒေါတနော** **ရက်စွဲ။ ။၁၃. ၁၀. ၂၀၁၇**

**အုပ်စု ။ ။ ကေးလျား** **ပါဝင်ဆွေးနွေးသူ။ ။ ကျား (၈) ဦး**

**မ (၈) ဦး**

**ပေါင်း (၁၆) ဦး**

## ရာသီခွင်ပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင်ပြက္ခဒိန် ရေးဆွဲရခြင်း၏ရည်ရွယ်ချက်မှာ ဒေါတနောကျေးရွာ၏ တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် အပြောင်းအလဲများကိုမှတ်တမ်းတင်ရန်၊ အိမ်ထောင်စုများ၏ မတူညီသောအခက်အခဲများကို သုံးသပ်ရန်၊ အချိန်အပိုင်းအခြားအလိုက် အခက်အခဲနှင့်အခွင့်အလမ်းများကိုသိရှိရန်၊ ရာသီဉတုနှင့်ပွဲတော်အခြေအနေများကို သိရှိလာစေရန်ရည်ရွယ်ပါသည်။

ဒေါတနောကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်အရ ဒေါတနောကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံးလုပ်ကိုင် ကြပါသည်။ ရာသီအလိုက်သီးနံပင်များ စိုက်ပျိုးသောကြောင့်တောင်ယာများကို ကြိုတင်ခုတ်ထွင်းရှင်းလင်းခြင်း၊ ဖေဖော်ဝါရီလတွင် နိုဝင်ဘာလမှထွက်ရှိသောမြေပဲများကိုခြွေသိမ်းယူခြင်း၊ ဇန်နဝါရီလတွင်တောင်ယာများကို ကြိုတင်ခုတ်ထွင်းရှင်းလင်းခြင်း၊ အိမ်(သို့မဟုတ်)ခြံစည်းရိုး အသုံးပြုရန်အတွက် ဝါးကိုကြိုတင်ခုတ်ထားခြင်း၊ မတ်လတွင်တောင်ယာခင်းတွင် စိုက်ပျိုးနိုင်ရန် အတွက်အမှိုက်များ၊သစ်ကိုင်းခြောက်များအားမီးရှို့ခြင်း၊ ဧပြီလတွင်ငုက်ပျောပင်များစိုက်ပျိုးခြင်း၊ တောင်ယာခင်းခြံကာရံခြင်း၊ မေလတွင်တောင်ယာထွန်ယက်ခြင်း၊ ပြောင်းဖူးစိုက်ပျိုးခြင်း၊ ဇွန်လတွင်ပြောင်းကောက်စိုက်ပျိုးခြင်း၊ ဇူလိုင်လတွင်စပါးစိုက်ခြင်း၊ ဩဂုတ်လတွင်မြေပဲစိုက်ပျိုးခြင်း၊ စက်တင်ဘာလတွင် စိုက်ပျိုးပြီးသော သီးနံများအားပေါင်းရှင်းခြင်း၊ အချို့သောအပင်များကို ဇူလိုင်လမတိုင်ခင်ပေါင်းရှင်းလင်း ပေးရပါသည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင်မြေပဲများနှုတ်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ ပြောင်းဖူးများသိမ်းခြင်း၊ ဒီဇင်ဘာလတွင် ကျန်သီးနံများအားလုံးကို ရိတ်သိမ်းကြပါသည်။

ဒေါတနောကျေးရွာမှ အခြားကျေးရွာထိရွာချင်းချိတ်ဆက်မှာ ကျောက်ခင်းလမ်းဖြင့်ဆက်သွယ်ထားပါသည်။ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာသို့ချိတ်ဆက်လမ်းမှာ နိုဝင်ဘာလမှမေလအထိ စက်၊ကား၊ဆိုင်ကယ်၊ထော်လာဂျီများ အဆင်ပြေစွာသွားလာ အသုံးပြုနိုင်ပါသည်။ ဇွန်လမှအောက်တိုဘာလအထိ မိုးရာသီဖြစ်ပြီး ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် နွားလှည်းများ၏သွားလာအသုံးပြုမှု၊ စက်၊ထော်လာဂျီ များ၏ ဘီးယက်မှုကြောင့် လမ်းမှာ လူ၊ဆိုင်ကယ်များ သွားလာအသုံးပြုရာ အတွက်ပင် အခက်အခဲပါသည်။

ဒေါတနောကျေးရွာတွင် နွေရာသီတွင် ရေလုံလောက်မှုမရှိပေ။ ရွာတောင်ဘက်တွင်ရှိသော ရေထွက်ပေါက်မှာလည်း ဇန်နဝါရီလမှဖေဖော်ဝါရီလအထိသာ အသုံးနိုင်ပါသည်။ ဇွန်လမှဒီဇင်ဘာလအထိ မိုးရေကိုအချို့သိုလှောင်အသုံးပြုကြပြီး နွေရာသီတွင် ရေကိုဖရူဆိုထိလာရောက်ခပ်ယူကြကာ အသုံးပြုကြရပါသည်။

ဒေါတနောကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားတက်သော ရောဂါများအနည်းငယ် ရှိပါသည်။ အထူးသဖြင့် ဒီဇင်ဘာလတွင်ဖြစ်တတ်သော နှာစေး၊ချောင်းဆိုးဖြစ်တတ်ပြီး မတ်လမှဇွန်လတွင်မိုးအကူးနွေအကုန်ဖြစ်သောကြောင့် ကလေးငယ်များ ဝမ်းပျက်၊ဝမ်းလျှောရောဂါများ ဖြစ်တတ်ပါသည်။ ဇူလိုင်လမှအောက်တိုဘာလတွင် မိုးရာသီဖြစ်သောကြောင့် တုတ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။

ဒေါတနောကျေးရွာသည် ရာသီသီးနံများသာစိုက်ပျိုးကြပြီး ဇန်နဝါရီလမှဧပြီလအထိ ရိတ်သိမ်းထားသော သီးနံများကိုရောင်းချခြင်းဖြင့် ဝင်ငွေရရှိကြပါသည်။ တစ်နှစ်တာဝင်ငွေလုံလောက်မှုမရှိသော အချို့နွမ်းပါးသူအိမ်ထောင်စုမှာ တောင်ယာအငှားလိုက်ခြင်းမှရရှိသောလုပ်အားခမှာ စုဆောင်းရငွေနှင့်တောင်ယာအနည်း

အကျဉ်းလုပ်၍ ရရှိလာသောစပါးများကိုရောင်းချခြင်းမပြုဘဲ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံအောင် ချွေတာစားသုံးခဲ့ကြပါသည်။ ဒေါ်တနောကျေးရွာရှိအိမ်ထောင်စုအများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကြက်၊ ဝက်တို့ကို ရောင်းချ ခြင်းလည်း ပြုလုပ်ကြပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သောပြဿနာအခက်အခဲမှာ မြေယာမြေဆီလွှာမကောင်း၊ မိုးလေဝသမှန်ကန်မှုမရှိခြင်းကြောင့် ဖြစ်သည်။ ဒေါ်တနောကျေးရွာတွင်းရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်အများစုမှာ တောင်ယာလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြ ပါသည်။ ကျေးရွာတွင်း နေ့စားလုပ်အားခတစ်ရက်နှုန်းထားမှာ နွေရာသီတွင်(၃၀၀၀)ကျပ်ဖြစ်ပြီး အလုပ်ကျပ်ချိန်ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ(၆၀၀၀)ကျပ်အထိ တိုး၍ငှားရမ်း ကြပါသည်။ ဒေါ်တနောကျေးရွာတွင် အမျိုးသား/အမျိုးသမီး လုပ်အားခမှာတန်းတူရရှိ ကြပါသည်။ အမျိုးသမီးများ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ပတ်သက်သောပြဿနာ၊အခက်အခဲမှာ သွားလာရခက်ခဲခြင်း၊ ဘဝလုံခြုံမှု မရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။


ဒေါ်တနောကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက်အရ -

(၁) စိုက်ပျိုးရေးလုပ်ငန်း အသင့်အတင့် အောင်မြင်ခြင်း။

(၂) နွေရာသီတွင်သောက်သုံးရေ လုံလောက်မှု မရှိခြင်း။

(၃) ငွေနည်းပါးခြင်း စသည့်တို့ ဖြစ်သည်။

## (၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



ဒေါ်တနောကျေးရွာ — ဥစ္စာဓနကြွယ်ဝမှုပြုလုပ်သည့်ရက်စွဲ - 13.10.2017 — ပါဝင်သူဦးရေ - ကျား (8) ဦး၊ မ (8) ဦး

| စဉ် | အုပ်စု | အဆင့်သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| 1. | အဆင်ပြေသော အုပ်စု | စားဝတ်နေရေး ပြည့်စုံမှု ရှိခြင်း၊ စက်ထော်လာဂျီ၊ ကိုင်းကျွန်းရှိခြင်း၊ အရင်းအနှီးရှိခြင်း၊ ဆိုင်ကယ်ကောင်းယာဉ်များ | 8 | 28.6% |
| 2. | အသင့်အတင့်ရှိသော အုပ်စု | အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၊ အရင်းအနှီးအလုံအလောက်မရှိ၊ ကောင်းယာဉ်ရှိခြင်း ဆိုင်ကယ် | 15 | 53.6% |
| 3. | အဆင်မပြေသော အုပ်စု | သားသမီးများခြင်း၊ အရင်းအနှီးမရှိ၊ စားဝတ်နေရေးမပြည့်စုံခြင်း။ | 5 | 17.8% |

# ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်မှုပြဇယား

| | | | |
|---|---|---|---|
| **ကျေးရွာ။** | **။ ဒေါ်တနော** | **ရက်စွဲ။** | **။၁၃. ၁၀. ၂၀၁၇** |
| **အုပ်စု ။** | **။ ကေးလျား** | **ပါဝင်ဆွေးနွေးသူ။** | **။ ကျား (၈) ဦး** |
| | | | **မ (၈) ဦး** |
| | | | **ပေါင်း (၁၆) ဦး** |

## ဥစ္စာခနအဆင့်သတ်မှတ်မှုသုံးသပ်ချက်

ဥစ္စာခနအဆင့် သတ်မှတ်မှု့ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒေါ်တနောကျေးရွာတွင် ၄င်းတို့ ကိုယ်တိုင်ချမှတ်ထားသော ပြေလည်သောအုပ်စုနှင့် မပြေလည်သော အုပ်စုများ၊၄င်းတို့၏ကွဲပြားခြားနားသော လူမှုစီးပွားရေးလုပ်ငန်းများအခြေအနေ၊ ပိုင်ဆိုင်အသုံးပြုနေသော အရင်းအမြစ်များအကြောင်းနှင့် ထိုသို့ကွဲပြား နေရခြင်း၏ နောက်ခံအကြောင်းအရာများကို လေ့လာသိရှိနိုင်ရန် ဖြစ်သည်။

ဒေါ်တနောကျေးရွာ၏ ဥစ္စာခနအဆင့်သတ်မှတ်ခြင်းပြဇယားအရ ဒေါ်တနောကျေးရွာတွင် ပြေလည် သောအိမ်ထောင်စု၊ အသင့်အတင့်ရှိသောအိမ်ထောင်စု၊ အဆင်မပြေသောအိမ်ထောင်စု ဟူ၍(၃)မျိုးခွဲခြားတွေ့ မြင် နိုင်ပါသည်။ ဒေါ်တနောကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၈)စုရှိသည့်အနက် ပြေလည်သောအိမ်ထောင် စုမှာ(၈)စုရှိပြီး ကျေးရွာလူထု၏သတ်မှတ်ချက်မှာ ပျဉ်ထောင်အိမ်ရှိခြင်း၊ အရင်းအနှီးစိုက်ထုတ်နိုင်ခြင်း၊ တောင် ယာခင်းများခြင်း၊ စက်ကိရိယာပိုင်ဆိုင်မှုများခြင်း(ကား၊ကိုင်းရည်၊ထောလာဂျီဆိုင်ကယ်)၊ မွေးမြူရေးတွင်အခြား သူများထက်ပိုသာခြင်း(ကျွဲ၊နွား) တို့ဖြစ်ပါသည်။ အသင့်အတင့်ရှိသော အိမ်ထောင်စုပေါင်း(၁၅)စုရှိပြီး ကျေးရွာ လူထု၏သတ်မှတ်ချက်မှာ ၄င်းအိမ်ထောင်စုတွင် ဆိုင်ကယ်၊ပျဉ်ထောင်အိမ်ရှိခြင်း၊ စပါး၊မြေပဲ၊နွားရှိခြင်း ဖြစ်ပါ သည်။ အဆင်မပြေသောအိမ်ထောင်စု မိသားစု(၅)စုရှိပြီး သက်ကယ်အိမ်၊ ကျောင်းနေကလေးအရွယ်များပြား ခြင်း၊ တောင်ယာခင်းရှိသော်လည်း အရင်းအနှီးမရှိခြင်း၊ အပိုဝင်ငွေမရှိခြင်း၊ ဝင်ငွေမှာလည်းတောင်ယာအငှား လိုက်ခြင်းပေါ်တွင်မှီခိုနေရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဒေါ်တနောကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများကို ကျေးရွာဖွံ့ဖြိုးရေးတွင်ပါဝင်လာနိုင် စေရန်အတွက် ၎င်းတို့နှင့်တိုက်ရိုက်အကျိုးခံစားခွင့်ရရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းကိုပိုမိုစိတ်ဝင်စားကြ ပါသည်။ ဥပမာ- နွမ်းပါးသော အိမ်ထောင်စုအတွက် စိုက်ပျိုးရေးတွင်အရင်းအနှီးစိုက်ထုတ်ပေးခြင်း၊ အသက်မွေးဝမ်း ကျောင်းအတွက် တစ်ဖက်တစ်လမ်းမှအကျိုးဖြစ်စေသော လက်မှုပညာ၊ စိုက်ပျိုးရေးနည်းပညာကို ပိုမိုစိတ်ဝင် စားကြပါသည်။


ဒေါ်တနောကျေးရွာ၏ ဥစ္စာခနအဆင့်သတ်မှတ်မှုပြဇယား၏ သုံးသပ်ချက် အရ-

(၁) နွမ်းပါးသောမိသားစုများသည်တောင်ယာခင်းများသော်လည်း လုပ်ကိုင်နိုင်ရန်အရင်းအနှီးမစိုက် ထုတ်နိုင်ခြင်း။

(၂) အသိပညာ ဗဟုသုတ နည်းပါးခြင်း။

(၃) စားဝတ်နေရေးအတွက်နေ့စဉ်နှင့်အမျှလုံးပန်းနေရသောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အချိန် ပေးနိုင်မှု အားနည်းခြင်း။

## (၄) ကျားမပင့်ကူအိမ်သုံးသပ်ခြင်း



## ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း

**ကျေးရွာ။** ။ ဒေါတနော **ရက်စွဲ။** ။ ၁၃.၁၀.၂၀၁၇

**အုပ်စု ။** ။ ကေးလျား **ပါဝင်ဆွေးနွေးသူ။** ။ ကျား (၈)ဦး

မ (၈)ဦး

ပေါင်း (၁၆) ဦး

### ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ်သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါတနောကျေးရွာအတွင်းရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ လူမှုရေးတွင်ပါဝင်မှုအခန်းကဏ္ဍများအား သိရှိမြင်သာစေရန်နှင့် စွမ်းဆောင်ရည်များအားသိရှိမြင်သာစေရန် ရည်ရွယ်ပါသည်။

ဒေါတနောကျေးရွာ၏ ကျား၊မပင့်ကူအိမ်သုံးသပ်ချက်အရ ဒေါတနောကျေးရွာအတွင်းရှိ အမျိုးသားများသည်အမျိုးသမီးများထက် ကျေးရွာအတွင်းရှိသာရေး၊နာရေးများ၊ ဘာသာရေးစသည့်အဖွဲ့အစည်းများ ပူးပေါင်းပါဂင်မှုတွင် အမျိုးသားများနှင့်အမျိုးသမီးများသည်တန်းတူညီစွာ ပူးပေါင်းပါဝင်နေသည်ကို တွေ့ရပါသည်။ ဒေါတနောကျေးရွာတွင်းရှိ အမျိုးသမီးများသည် စွမ်းအားအသုံးချမှု၊အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာတတ်မြောက်မှုများတွင် အမျိုးသမီးများကပိုမိုဦးဆောင်နေခြင်းကို လေ့လာတွေ့ရှိပါသည်။ ဒေါတနောကျေးရွာတွင်း အရင်းအမြစ်များကို အမျိုးသား၊အမျိုးသမီးများ တန်းတူအသုံးပြုကြသော်လည်း များသောအားဖြင့်အမျိုးသားများသာ ထိန်းချုပ် ဆုံးဖြတ်ချက် ချကြပါသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ ရာနှုန်းပြည့်အချိန်ပေးရခြင်းကြောင့် ကျေးရွာတွင်း သာရေး၊နာရေးတွင် ပူးပေါင်းပါဝင်မှု၊ဦးဆောင်ဆုံးဖြတ်ချက်ချမှုတွင် အားနည်းနေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမှီသော်လည်း အိမ်တွင်းရေးတွင်သာ အချိန်ပေးမှုများသောကြောင့်စီးပွား ဝင်ငွေရှာဖွေရာတွင်အားနည်း နေပါသည်။

အမျိုးသမီးများအဓိကရင်ဆိုင်နေရသည့် အခက်အခဲပြဿနာမှာ ပညာရေးလက်လှမ်းမှီမှုအားကောင်းသော်လည်း ရိုးရာအစဉ်အလာများစိုးမိုးထားခြင်း၊ အရက်၊အကြောက်တရားကြီးစိုးခြင်းတို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများ ဘဝတိုးတက်မြင့်မားလာစေရန် ရိုးရာဓလေ့နှင့်လျော်ညီသောအယူအဆ(ပြောင်းလဲသင့်သောအရာများ)ပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

ဒေါတနောကျေးရွာတွင်း အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားများမှ တာဝန်/ခွဲဝေယူမှု၊ အသိပညာပေးဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ဦးဆောင်မှုကို လက်ခံလေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ရန်လိုအပ်နေပါသေးကြောင့် သုံးသပ်ထားပါသည်။


ဒေါတနောကျေးရွာ၏ ကျား၊မပင့်ကူအိမ် သုံးသပ်ချက် အရ -

(၁) အမျိုးသမီးများ အိမ်တွင်းမှုတွင်ပိုမိုဦးဆောင်နေရခြင်း။

(၂) အမျိုးသမီးများ ပညာရေးအားကောင်းသော်လည်း ရိုးရာဓလေ့၊အယူအဆများအား ယခုထိတိုင်အစွဲအလမ်းရှိ နေသေးခြင်း။

(၃) ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဦးဆောင်ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားနည်းသေးခြင်း။

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား



## အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့သုံးသပ်ချက်

**ကျေးရွာ။ ။ ဒေါ်တနော** **ရက်စွဲ။ ။၁၃.၁၀.၂၀၁၇**

**အုပ်စု ။ ။ ကေးလျား** **ပါဝင်ဆွေးနွေးသူ။ ။ ကျား (၈)ဦး**

**မ (၈) ဦး**

**ပေါင်း (၁၆) ဦး**

## အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြသုံးသပ်ချက်

အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှုပြဇယား ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်တနောကျေးရွာတွင် ရှိသောအရင်းအမြစ်များကို အမျိုးသား၊အမျိုးသမီးများ ပိုင်ဆိုင်ထားရှိနေခြင်းကိုသိရှိစေရန်၊ ကျေးရွာတွင်းအခက်အခဲများ၊ဦးစားပေးအဆင့်များ၊ လိုအပ်ချက်များနှင့်ပတ်သက်ပြီးကွဲပြားခြားနားမှုများကို သိရှိနားလည်စေရန် ရည်ရွယ်ပါသည်။

ဒေါ်တနောကျေးရွာ၏ အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှုပြဇယား၏သုံးသပ်ချက်အရ ဒေါ်တနောကျေးရွာတွင် သဘာဝအရင်းအမြစ်နှင့်လူ့အရင်းအမြစ်ဟူ၍(၂)မျိုးတွေ့ရပြီး အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်ထားရှိမှုကို (၃)မျိုးကွဲခြားတွေ့ မြင်နိုင်ပါသည်။ သဘာဂအရင်းအမြစ်များမှာ သစ်တော၊ဂါး၊ တောင်ယာ၊သဲ၊ကျောက်နှင့် ရေစသည့်အရာများ ဖြစ်သည်။ လူ့အရင်းအမြစ်မှာ အရုံသားဖွား၊ကျောင်းဆရာ/မနှင့်ပန်းရံ၊ လက်သမားစသည့်အရာများ ဖြစ်သည်။ အရင်းအမြစ်များကိုအမျိုးသားနှင့် အမျိုးသမီးများကအသုံးပြုကြပြီး ထိန်းချုပ်ဆုံးဖြတ်မှုများတွင်လည်း တန်းတူရှိပါသည်။ ဒေါ်တနောကျေးရွာတွင် အမျိုးသမီးများအဓိကအသုံးပြုနေသော အရင်းအမြစ်များမှာ စက်ချုပ်ခြင်း၊ ရိုးရာအထည်ယက်လုပ်ခြင်း(ချုပ်လုပ်ခြင်း)တို့ဖြစ်ပြီး ထိန်းချုပ်ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးကသာ ပြုလုပ်လေ့ရှိသည်။ ဒေါ်တနောကျေးရွာတွင် အမျိုးသား၊အမျိုးသမီး နှစ်ဦးလုံးအသုံးပြုနေသောအရင်းအမြစ်များမှာ အိမ်၊ရေအရင်းအမြစ်၊ တောင်ယာ၊လမ်း၊ ဆိုင်ကယ်၊ဆေးခန်း၊ စာသင်ကျောင်း၊ ဘုရားကျောင်း၊ အိမ်မွေးတိရိစ္ဆာန်များ(ကြက်၊ဝက်၊နွား၊ကျွဲ) တို့ဖြစ်ပါသည်။ ၎င်းအရင်းအမြစ်များကို အမျိုးသား၊အမျိုးသမီးများ တန်းတူအသုံးပြုထိန်းချုပ်ထားသော်လည်း များသောအားဖြင့် အမျိုသားများ သာဦးဆောင်ဖြတ်ချက်ချကြပါသည်။ အမျိုးသမီးများသည် ဆွေးနွေးအကြံပေးမှုများဖြင့်သာ ပါဝင်ဆောင်ရွက် နိုင်ပါသည်။

ဒေါ်တနောကျေးရွာ၏ အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု့ပြဇယား၏ သုံးသပ်ချက်အရ -

(၁) ကျေးရွာတွင်းလူ့အရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များကို ကျား၊မ တန်းတူအသုံးပြုကြခြင်း။


(၂) ကျေးရွာတွင်း အရင်းအမြစ်များကို ကျား၊မ တန်းတူထိန်းချုပ်ထားကြသော်လည်း များသောအားဖြင့် အမျိုးသားများ ဦးဆောင် ဆုံးဖြတ်ချက်ချကြပါသည်။

(၃) အချို့သော အရင်းအမြစ်များအပေါ် အမျိုးသမီးများမှ အကြံပြု ဆွေးနွေးမှုများ ပေးနိုင်ခြင်း။

(၄) အချို့သော အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်အချိန်ပိုပေးနေရခြင်းကြောင့် ပြင်ပ၊ဗဟုသုတနှင့်ထိတွေ့မှု အားနည်းခြင်း။

(၅) အချို့သော အမျိုးသမီးများမှာ အမျိုးသားများနည်းတူဦးဆောင် ဆုံးဖြတ်ချက်ချမှု့တွင် လုပ်ဆောင်နိုင်ခြင်း။

## (၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ



## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

**ကျေးရွာ။ ။ ဒေါ်တနော ရက်စွဲ။ ။၁၃.၁၀.၂၀၁၇**

**အုပ်စု ။ ။ ကေးလျား ပါဝင်ဆွေးနွေးသူ။ ။ ကျား (၈) ဦး**

**မ (၈) ဦး**

**ပေါင်း (၁၆) ဦး**

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေါ်တနောကျေးရွာအတွင်းရှိကွဲပြား ခြားနားသောအုပ်စုများ၊ အဖွဲ့အစည်းများနှင့်ပြင်ပမှအဖွဲ့အစည်းများ အချင်းချင်းအပြန်အလှန်ချိတ်ဆက် အကျိုး ပြုပုံကိုသိရှိစေရန် ရည်ရွယ်ပါသည်။

ဒေါ်တနောကျေးရွာတွင် ကျေးရွာမှဖွဲ့စည်းထားသောအဖွဲ့များ၊ အခြားပြင်ပမှလာရောက်ဖွဲ့စည်းထား သော ဖွံ့ဖြိုးရေးအဖွဲ့ဟူ၍(၂)မျိုး တွေ့နိုင်ပါသည်။ ဒေါ်တနောကျေးရွာအတွင်းမှ ဖွဲ့စည်းထားသောအဖွဲ့ပေါင်း(၁၁) ဖွဲ့ရှိပြီး ကျေးရွာ၏လိုအပ်ချက်များဖြစ်သော ကျန်းမာရေးဘာသာရေးပညာရေး၊ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်း ရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအားလုပ်ဆောင်နိုင်ရန်အတွက် လာရောက်ချိတ်ဆက်သောအဖွဲ့အစည်း ပေါင်း(၁၀)ဖွဲ့ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အခြားပညာ ပေးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာများအတွက် ပြင်ပအဖွဲ့အစည်းများနှင့်ဆက်သွယ် ဆောင်ရွက်ကြပါ သည်။ အခြားအစိုးရမဟုတ်သောအဖွဲ့(NGO)အဖွဲ့အစည်းများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လာရောက်အ ကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဒေါ်တနောကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ၊လူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအဖွဲ့၊ ရိုးရာထိန်းသိမ်းရေးကော်မတီနှင့် သစ်တောကော်မတီအဖွဲ့အစည်းများဖြစ်ပြီး ရပ်ရွာ၏သာရေး၊ နာရေး၊ ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သောအရာများတွင် အဓိကဦးဆောင် ပါဝင်ကြပါသည်။ မယ်တော်သမီး အသင်း၊အားနာအသင်း၊ CAအသင်းနှင့်လူငယ်အဖွဲ့တို့မှာ ဘာသာရေးအဖွဲ့အစည်းများဖြစ်ပြီး ကျေးရွာ၏သာ ရေး၊နာရေး၊ဘာသာရေးတို့တွင် အဓိကပါဝင်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏လိုအပ်ချက်အရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ချိတ်ဆက်ကာ သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ EPCရုံးတို့နှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာ တွင်းလမ်းများ၊ ရေရရှိရေးမီးလင်းရေး၊ အဆောက်အဦးတိုးချဲ့ရေးများရှိပါက လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အပြင်အခြားသော အဆောက်အဦးပိုင်းဆိုင်ရာလုပ်ဆောင်ပေးသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာလုပ် ဆောင်ကြပါသည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး KNPPဆေးကျောင်းပိုးအိတ်အဖွဲ့နှင့်လည်း အသီးသီးချိတ် ဆက်ဆောင်ရွက် ထားရှိကြပါသည်။

ဒေါ်တနောကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် အရ -

(၁) ဒေါ်တနောကျေးရွာတွင် ဖွဲ့စည်းထားသောကော်မတီအဖွဲ့များမှာ ကျေးရွာရှိသက်ကြီးရွယ်အိုများ၊ ထိခိုက် လွယ်အုပ်စုများပါဝင်သည့် ကော်မတီဝင်အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း။

(၂) ကျေးရွာတွင်း အဖွဲ့အစည်းများနှင့်ပြင်ပမှဖွံ့ဖြိုးရေးလုပ်ဆောင်သည့် အဖွဲ့အစည်းများကောင်းမွန်စွာ ချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်းဖွဲ့စည်းထားသော အဖွဲ့အသီးသီးမှကော်မတီဝင်များသည် ကဏ္ဍအလိုက်ပါဝင်လုပ်ဆောင် နေခြင်း။

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ဒေါ်တနော့ကျေးရွာ၏ စီမံကိန်းအထောက်အကူပြုကျေးရွာ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးလွီးဇီ | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်ဖျားမာ | | မ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃ | ဦးဆော်ရယ် | ကျား | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်အာဆွန်းတာ | | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဦးလိရယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်ဖိုးမိုး | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးကလောရယ် | ကျား | | လည်ပတ်ရေးနှင့်ပြင်/ထိန်းဆပ်ကော်မတီ |
| ၈ | ဒေါ်ငွါမာ | | မ | လည်ပတ်ရေးနှင့်ပြင်/ထိန်းဆပ်ကော်မတီ |
| ၉ | ဦးကိုရယ် | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်ဘူးမိုး | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၁ | ဦးကူးရယ် | ကျား | | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်စုမိုး | | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဦးသျှားမာ | ကျား | | ကျေးရွာစာရင်းကိုင် |
| | **ကော်မတီဝင်စုစုပေါင်း** | ၇ | ၆ | **၁၃ယောက်** |

# ၉။ကျေးရွာအချက်အလက်( ပုံစံ-၁ )

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | – | [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ဒေါ်တနော |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | 78 | ဘာသာ (၁) ခရစ်ယာန် | 78 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | က -1 / မ = 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | က - 2, မ = 3 | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 61 | 78 |
| လူမျိုးစု (၁)----ကယား | 59 | 77 |
| လူမျိုးစု (၂)------ကယန်း | 2 | – |
| လူမျိုးစု (၃)-----ဂေဘာ | – | 1 |
| အခြား | | |
| အိမ်ထောင်ဦးစီး | 25 | 3 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် ဒေါ်တာ [illegible] ကျောင်း | | မှတ်ချက် ဒေါ်တာ [illegible] ဆေးပေးခန်း | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

**ကျောက်ကြမ်းလမ်း** ကတ္တရာလမ်း ကွန်ကရစ်လမ်း **မော်တော်ဆိုင်ကယ်လမ်း**

**ကျောက်ခင်းလမ်း** **မြေသားလမ်း** လူသွားလမ်း အခြား ______

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2011 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၆ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၄၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ---

မိုးရာသီတွင်ကြာချိန် 1 နာရီ 30 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ---

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ (ရှိပါသည်) ရှိလျှင်ဖော်ပြပါ [illegible handwriting]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) LDN · CDD · Ever Green · KNPP ·

(၂) ---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ (ရှိပါသည်)


ကျေးရွာခေါင်းဆောင် — အမည် [illegible handwriting]

လက်မှတ် [signature] နေ့စွဲ 13.10.2017

လူထုစည်းရုံးရေးမှူး — အမည် [illegible handwriting]

လက်မှတ် [signature] နေ့စွဲ 13.10.2017

# ၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)



ပုံစံ - ဝ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှုများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖေမရီ | | | |
| ဝန်ထမ်း | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖြားလိုင်း | ကျေးရွာ ဒေါ်တနော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 13.10.2017 | 13.10.2017 | 8 | 8 | 16 | 16 \| ကယား |
| ၂။ ကျေးရွာ့ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 14.10.2017 | 14.10.2017 | 8 | 8 | 16 | 16 \| ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 29.10.2017 | 29.10.2017 | 3 | 2 | 5 | 5 \| ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ပေါရီ | | | |
| နေ့စွဲ 14 ◦ 10 ◦ 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၀) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖဘ:လူပု: | ကျေးရွာ ဒေါ်တနော |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| 1 | ဆေးပေးခန်းမရှိခြင်းကြောင့်ကျန်းမာရေး | 1 | ဆေးပေးခန်း မရှိခြင်း။ |
| | စောင့်ရှောက်ရန် ခက်ခဲခြင်း | 2 | နွေရာသီသောက်သုံးရေမလုံလောက် |
| 2 | စာကြည့်တိုက်မရှိ၍ ဗဟုသုတ | | ခြင်း။ |
| | နည်းပါးခြင်း | 3 | စာကြည့်တိုက်မရှိခြင်း။ |
| 3 | မိုးရာသီတွင် သွားလာရ ခက်ခဲ | 4 | မိုးရာသီတွင် ရွာချင်းဆက်လမ်း |
| | ခြင်း | | အသုံးပြုရန် ခက်ခဲခြင်း။ |
| 4 | နွေရာသီသောက်သုံးရေရှား | 5 | အလုပ်အကိုင်အခွင့်အလမ်း |

ပေါက်သော အခက်အခဲရှိခြင်း။

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျှာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| 1 | ဆေးပေးခန်း တစ်ခုဆောက်နိုင်ရန် | 1 | ဆေးပေးခန်း ဆောက်လုပ်နိုင်ရန် |
| 2 | စာကြည့်တိုက်ဆောက်လုပ် | 2 | နွေရာသီသောက်သုံးရေလုံလောက်ရန် |
| | နိုင်ရန် | 3 | စာကြည့်တိုက်ဆောက်လုပ်နိုင်ရန် |
| 3 | ကျေးရွာတွင်းလမ်း အဆင့်မြှင့် | 4 | ရွာချင်းဆက်လမ်းဆောက်လုပ်နိုင်ရန် |
| | ရွာအသုံးပြုနိုင်ရန် | 5 | အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ |
| 4 | နွေရာသီသောက်သုံးရေ လုံလောက် | | လာရန်။ |
| | ရန် | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အထွေထွေ အသုံးပြုဆောင် | အမျိုးသား+အမျိုးသမီး | 8500000 | 739 |
| ၂ | ရေပေးရှင်း | အမျိုးသား+အမျိုးသမီး | 7500000 | 739 |
| ၃ | အကြော်ဆိုင် | အမျိုးသား+အမျိုးသမီး | 7500000 | 739 |
| ၄ | ကျေးရွာချိတ်ဆက်လမ်း | အမျိုးသား+အမျိုးသမီး | 12000000 | 739 |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အလုပ်အကိုင်ရရှိရေး | အမျိုးသမီး | Livelihood |
| ၂ | ငွေကြေးနည်းပါးခြင်း | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---14.10.2017---

## ၁၂။ဒေါ်တနော့ကျေးရွာအစည်းအဝေးမှတ်တမ်းများ

ကျေးရွာ - ဒေါတနော ကျေးရွာ

ကျေးရွာအုပ်စု - ကေးလှား ကျေးရွာအုပ်စု

အကြောင်းအရာ - ပထမအကြိမ် ကျေးရွာအစည်းအဝေး

တာဝန်ကျဝန်ထမ်းများ - ဒေါ်မြေရီ (CF) , ဒေါ်အေးဥမ်းရီဖြတ် (TF)

ရက်စွဲ - 13.10.2017

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (၈) ဦး + မ (၈) ဦး = (၁၆) ဦး

ပထမအကြိမ် ကျေးရွာအစည်းအဝေးကို ဒေါတနော ကျေးရွာ၌ (၁၃.၁၀.၁၇) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို အစည်းအဝေး အစီအစဉ်များ မိတ်ဆက်ခြင်းအား ဖြင့် အစပြုခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်ကို မပြောမီ လူထုဖော်ပြုစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရွာလူထုများနှင့် အကျယ်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ရပ်ရွာဖွံ့ဖြိုးမှု အကြောင်းနှင့် ဒုတိယနှင့်စက်ဝန်း၌ ကေးလှား ကျေးရွာအုပ်စုတွင် စီမံကိန်း ရှိသည့် ကျေးရွာများကို အစည်းအဝေးတက်ရောက်လာသူများ သိရှိအောင် ပြောကြားခဲ့ပါသည်။ ဤစီမံကိန်း၌ အကျုံးဝင်သည့် လုပ်ငန်းနှင့် အကျုံးမဝင်သည့် လုပ်ငန်းများကိုလည်းကောင်း၊ ကျား/မ ရေးရာနှင့် ဝေဖန်အကြံပြုတိုင်ကြားခြင်း၊ ဖြေရှင်းရေး အကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျေးရွာလူထုများ ပါဝင်သော လူမှုအုပ်စုဖွဲ့ခြင်း အစီအစဉ်ကို

နောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည်။

(၁) လူမှုရေးဥပဒေ အကျိုး အမြန်ပြေပြစ်

(၂) ဥက္ကဌ ကြေညာမှု၊ အသင်း သတ်မှတ်ခြင်း

(၃) အရင်း အမြန် အသုံးချမှု ပြုလော

(၄) ရာသီဥင်မြ ပြကွဲနိုင်

(၅) ပင်ကူအိမ် သုံးသပ်ခြင်း

(၆) အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ

ထို့နောက် ထပ်မံ အကြိမ် ကျေးရွာအစည်းအဝေး ကို ရုပ်သိမ်း ခဲ့ပါသည်။

ကျေးရွာ - ဒေါ်တနော ကျေးရွာ

ကျေးရွာအုပ်စု - ဖေးလူပါး ကျေးရွာအုပ်စု

အကြောင်းအရာ - ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

ဆောင်ရွက်ထမ်းများ - ဒေါ်မေရီ (CF), ဒေါ်အေးချယ်ရီမြတ် (CTF)

ရက်စွဲ - 14 .10. 2017

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ( ၈ ) ဦး + မ ( ၈ ) ဦး = ( 16 ) ဦး

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ဒေါ်တနော ကျေးရွာ၌ (14 . 10 . 17 ) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား ကော်မတီဝင်များ ရွေးချယ်ခြင်းအားဖြင့် အစပြုခဲ့ရာ ကော်မတီဝင်များကို ရွာလူထုများ၏ သဘောတူညီချက်အရ ပြန်လည်ရွေးချယ်သတ်မှတ်ခဲ့ကာ ကော်မတီဝင်များရွေးချယ်ခြင်း အဓိကအချက်ကို HR - ၃ နှင့် COC များ၌ အချက်အလက်များ ဖြည့်စွက်ပြီး လက်မှတ်ရေးထိုးစေခဲ့ပါသည်။ ထို့နောက် အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ခွဲကာ ကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက်ပြဿနာနှင့် [illegible]ချက်များကို ဖော်ထုတ်ခဲ့ပြီး ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကာ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်၊အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်၊MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | [illegible] | ☑မ ☑များ | | |
| | ၂ | [illegible] | ☐မ ☐များ | | |
| | ၃ | | ☐မ ☐များ | | |
| | ၄ | | ☐မ ☐များ | | |
| | ၅ | | ☐မ ☐များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | [illegible] | ☑မ ☐များ | | |
| | ၂ | | ☐မ ☐များ | | |
| | ၃ | | ☐မ ☐များ | | |
| | ၄ | | ☐မ ☐များ | | |
| | ၅ | | ☐မ ☐များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | [illegible] | ☑မ ☑များ | | |
| | ၂ | | ☐မ ☐များ | | |
| | ၃ | | ☐မ ☐များ | | |
| | ၄ | | ☐မ ☐များ | | |
| | ၅ | | ☐မ ☐များ | | |
| ပညာရေး | ၁ | [illegible] | ☑မ ☑များ | | |
| | ၂ | | ☐မ ☐များ | | |
| | ၃ | | ☐မ ☐များ | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အမျိုး | ၁ | ကျေးရွာချိတ်ဆက်လမ်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |